AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

**ဧရာဝတီဘဏ်လီမိတက်**

**ကုမ္ပဏီမှတ်ပုံတင်အမှတ်: ၁၁၀၃၁၂၁၅၆**

အကြောင်းအရာ။ **ဧရာဝတီဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး (Annual General Meeting-AGM)ကျင်းပမည့်ကိစ္စ**

၁။ ဧရာဝတီဘဏ်လီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ချုပ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၉-၁၀-၂၀၂၁ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက် ၁၀ နာရီတွင် ဧရာဝတီဘဏ်လီမိတက် (ရုံးချုပ်)(ROWE)၊ ပုသိမ်ခန်းမ၌ ဗွီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည် ဖြစ်ပါသည်။

၂။ အစည်းအဝေးကို အောက်ဖော်ပြပါ လုပ်ငန်းစဉ်များဖြင့် ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး ဖိတ်စာအား ဤအကြောင်းကြားစာနှင့်အတူ အစုရှယ်ယာဝင်များနှင့် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ တစ်ဦးချင်းစီအား Zoom Link နှင့်အတူ ပေးပို့အပ်ပါသည်။ တက်ရောက်နိုင်ခြင်းရှိမရှိအား ဖိတ်စာတွင် ပါရှိသည့် RSVP ဖုန်းနံပါတ်များသို့ ပြန်ကြားပေးပါရန်လည်း တစ်ဆက်တည်းဖော်ပြအပ်ပါသည်-

**စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များ**

(၁) ကုန်ဆုံးခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများ ရှင်းလင်းတင်ပြခြင်း၊

(၂) ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ခြင်း (ယင်းနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့ဝင်အသစ်ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသည့်ကိစ္စ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်မည့် ကိစ္စအတွက် မည်သည့် အကြောင်းကြားမှုမျိုးအား လက်ခံရရှိခြင်း မရှိပါသဖြင့် ဒါရိုက်တာအဖွဲ့ဝင်အသစ် ပြောင်းလဲခန့်အပ်ခြင်းမရှိပါ)

(၃) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အား ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သည့် WinThin & Associates ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် စာရင်းစစ်အစား အခြားတစ်ဦး ပြောင်းလဲခန့်အပ်ရန်၊ (စာရင်းစစ်၏ အမည်စာရင်းအား ဗဟိုဘဏ်သို့ တင်ပြ အတည်ပြုချက်ရယူပြီးဖြစ်ပါသည်)

(၄) ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် Corporate Governance နှင့်အညီ စာရင်းစစ်ကော်မတီအပါအဝင် လက်ရှိဖွဲ့စည်းထားသည့် ကော်မတီများအား ဆက်လက်တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်း၊

(၅) ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ(၄)ဦး၏ ရာထူးအခေါ်အဝေါ်များ ပြင်ဆင်သတ်မှတ်ခြင်း၊

(က)ဦးဇော်ဇော်အား တည်ထောင်သူနှင့်ဥက္ကဋ္ဌ ရာထူးသို့လည်းကောင်း၊

(ခ)ဒေါ်ခင်စောဦးအား အမှုဆောင်ဥက္ကဋ္ဌ ရာထူးသို့လည်းကောင်း၊

(ဂ)ဦးသန်းဇော်အား ဒုတိယဥက္ကဋ္ဌ ရာထူးသို့လည်းကောင်း၊

(ဃ)ဒေါ်ဌေးဌေးခိုင်အား ဒုတိယဥက္ကဋ္ဌ ရာထူးသို့လည်းကောင်း၊

**အဓိကကျသည့်ဆုံးဖြတ်ချက်**

(၆) အောက်ပါအချက်အား အစည်းအဝေး၏ အဓိကကျသည့်ဆုံးဖြတ်ချက်အဖြစ် အတည်ပြုမည် ဖြစ်ပါသည်-

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အတည်ပြုပြီး ဖြစ်သည့် ရောဝတီဘဏ်လီမိတက်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အား အစုရှယ်ယာရှင် များနှင့် ဒါရိုက်တာများမှအတည်ပြုခြင်း၊

ဒါရိုက်တာအဖွဲ့၏ညွှန်ကြားမှုအရ



(အောင်မျိုးစော)
ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်